# အမေရိကန်နိုင်ငံရှိ အလုပ်အကိုင်ကဏ္ဍ

**အမေရိကန်နိုင်ငံတွင် အလုပ်အကိုင်သည် အလွန်အရေးကြီးပါသည်။** အလုပ်တစ်ခုရှာဖွေခြင်း၊ လျှောက်ထားခြင်းနှင့် ထိန်းသိမ်းခြင်းသည် သင့်မိသားစု၏ အနာဂတ်နှင့် သုခချမ်းသာအတွက် အရေးကြီးပါသည်။ ၎င်းသည် မိမိကိုယ်ကိုဖူလုံမှုရရှိရန်အတွက် အမြန်ဆုံးနည်းလမ်းဖြစ်ပြီး အောင်မြင်မှုအတွက်လည်း မရှိမဖြစ်လိုအပ်ပါသည်။ သင်သည်အမေရိကန်နိုင်ငံသို့ရောက်ရှိသည်နှင့်တပြိုင်နက် အလုပ်တစ်ခုရှာဖွေရန် အဆင်သင့်ဖြစ်နေသင့်သည်။




## အလုပ်တစ်ခုရှာဖွေခြင်း

အသက် ၁၈ နှစ်မှ ၆၄ နှစ်ကြားရှိပြီး အလုပ်လုပ်နိုင်သော အရွယ်ရောက်ပြီးသူ အမျိုးသား၊ အမျိုးသမီးတိုင်းသည် အလုပ်အကိုင်ရှာဖွေရေးကို ဦးစားပေးလုပ်ဆောင်သင့်ပါသည်။ အစိုးရထောက်ပံ့ရေးသည် အချိန်နှင့် ပမာဏ အကန့်အသတ်ရှိသောကြောင့် သင်အမေရိကန်သို့ရောက်ရှိပြီးနောက် တတ်နိုင်သမျှအမြန်ဆုံးအလုပ်ရှာရန် အရေးကြီးပါသည်။




**အစိုးရဘက်က အလုပ်အကိုင်အတွက် အာမခံပေးထားခြင်းမရှိပါ။ အလုပ်ရှာရန် ရက်သတ္တပတ် သို့မဟုတ် လများစွာကြာနိုင်ပြီး အလုပ်အင်တာဗျူးများစွာ ကျော်ဖြတ်ရနိုင်သည်။**

အလုပ်ရှာရန်နှင့် ယေဘုယျအင်တာဗျူးအကြံဉာဏ်များကို လေ့လာရန် သင်၏ အလုပ်အကိုင်ကျွမ်းကျင်သူနှင့် လက်တွဲလုပ်ဆောင်သင့်သည်။ သင့်ကို ပထမဆုံးကမ်းလှမ်းသော အလုပ်သည် လစာနည်းနေခြင်း သို့မဟုတ် သင့်နယ်ပယ်မဟုတ်သော အလုပ်တစ်ခုဖြစ်သည့်တိုင် ထိုအလုပ်အား သင်လက်ခံလုပ်ဆောင်သင့်ပြီး သို့မှသာ သင်သည်အလုပ်မှတ်တမ်းတစ်ခုတည်ဆောက်နိုင်ကာ သင့်မိသားစုကို စတင်ထောက်ပံ့နိုင်မည်ဖြစ်သည်။ သင့်ကို ကမ်းလှမ်းသည့်အလုပ်ကို ငြင်းဆိုလိုက်ပါက အစိုးရထောက်ပံ့ရေးများ ဆုံးရှုံးသွားနိုင်ပါသည်။ တူညီသောအလုပ်တစ်ခုတွင် လျှောက်ထားသူအများအပြားရှိတတ်သောကြောင့် နယ်ပယ်အသစ်တစ်ခုတွင် အခြေခံအဆင့်ရာထူးဖြင့် အလုပ်တစ်ခုကို လက်ခံလိုစိတ်ရှိထားရန် အရေးကြီးပါသည်။ အလုပ်မှတ်တမ်းကောင်းတစ်ခုတည်ဆောက်ရန် သင်သည် အလုပ်တစ်ခုတွင် အနည်းဆုံး ခြောက်လလုပ်ကိုင်သင့်သည်။

switchboard connecting resettlement experts

SettleIn

## အမေရိကန်နိုင်ငံတွင် အလုပ်ယဉ်ကျေးမှု

အမေရိကန်နိုင်ငံသည် အလုပ်ကြိုးစားသူများအတွက် အခွင့်အလမ်းများစွာရှိသော နေရာတစ်ခုဖြစ်သည်။ ပိုမိုကောင်းမွန်ပြီး လစာပိုရသည့် အလုပ်တစ်ခုရရှိရန်အတွက် အင်္ဂလိပ်လို ပြောတတ်၊ ဖတ်တတ်၊ ရေးတတ်ရန် လိုအပ်ပြီး စွမ်းရည်အသစ်များကို သင်ယူရန် လိုအပ်ပါသည်။ အကယ်၍ သင်သည် သင့်နိုင်ငံတွင် စနစ်တကျသတ်မှတ်ထားသည့် အသက်မွေးဝမ်းကြောင်း အလုပ်တစ်ခုကို လုပ်ကိုင်ခဲ့လျှင် အမေရိကန်နိုင်ငံတွင် ထိုနယ်ပယ်၌ အလုပ်မလုပ်မီ သင်တန်းတက်ရန်နှင့် အသိအမှတ်ပြု အောင်လက်မှတ် ရယူထားရန် လိုအပ်ပါသည်။

အမေရိကန်နိုင်ငံတွင် အမျိုးသမီးများရော အမျိုးသားများပါ အလုပ်လုပ်ပါသည်။ လုပ်သားအင်အား ထက်ဝက်ခန့်သည် အမျိုးသမီးများဖြစ်ပြီး အဆင့်အဆင့်တိုင်းတွင် အမျိုးသားများနှင့် တူညီသည့်အလုပ်များကို လုပ်ကိုင်ကြသည့်အပြင် တစ်ခါတစ်ရံတွင် အမျိုးသားအလုပ်သမားများကို ကြီးကြပ်ရလေ့ရှိသည်။




အမေရိကန်နိုင်ငံတွင် အသက် ၁၄ နှစ်နှင့်အထက် ကလေးများသည် အချိန်ပိုင်းအလုပ်များတွင် အလုပ်လုပ်နိုင်သော်လည်း ၎င်းတို့လုပ်ဆောင်နိုင်သည့် နာရီအရေအတွက်နှင့် ၎င်းတို့လုပ်နိုင်သည့် အလုပ်အမျိုးအစားများအတွက် အကန့်အသတ်ရှိနိုင်ပါသည်။ အမေရိကန်နိုင်ငံရှိ လူငယ်အများစုသည် ကျောင်းပြီးချိန်၊ စနေ၊ တနင်္ဂနွေနှင့် အားလပ်ရက်များတွင် အချိန်ပိုင်းအလုပ်လုပ်ကြသည်။ အမေရိကန်နိုင်ငံတွင် လူငယ်အလုပ်သမားများကို အကာအကွယ်ပေးသည့် ဥပဒေများလည်း ရှိပါသည်။

## အလုပ်အကိုင်အခွင့်အရေးများနှင့် တာဝန်များ

အမေရိကန်နိုင်ငံတွင် ဝန်ထမ်းများသည် အလုပ်ခွင်တွင်ရရှိမည့် အခွင့်အရေးနှင့် လုပ်ဆောင်ရမည့် တာဝန်များရှိသည်။ သင့်လုပ်ကိုင်ပေးသည့် အလုပ်အတွက် လုပ်ခရရှိရမည်ဟူသော အခွင့်အရေးရှိပြီး အလုပ်အကိုင်ဥပဒေများသည် အလုပ်သမားများအား အန္တရာယ်များသော အလုပ်လုပ်ကိုင်မှု အခြေအနေများမှ ကာကွယ်ပေးပါသည်။

အလုပ်သမားများသည် ခွဲခြားဆက်ဆံမှုနှင့် နှောင့်ယှက်စော်ကားမှုများ ကင်းစင်သော ပတ်ဝန်းကျင်တွင် အလုပ်လုပ်ပိုင်ခွင့်ရှိပြီး ၎င်းလုပ်ရပ်များတွင် ပါဝင်သည်များမှာ

- လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားခြင်း (တစ်စုံတစ်ဦးကို စိတ်မသက်မသာဖြစ်စေသော သို့မဟုတ် မလုံခြုံစေသော လိင်သဘာဝအရ မလိုလားအပ်သော အပြုအမူများ)
- လူမျိုးရေး သို့မဟုတ် ဘာသာရေးပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှု
- အနိုင်ကျင့်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း
- စိုးရိမ်ဖွယ်ရာများကို သတင်းပို့တိုင်ကြားခြင်း သို့မဟုတ် သင့်အခွင့်အရေးများကို အခိုင်အမာထုတ်ဖော်အသုံးချခြင်းအပေါ် လက်တုံ့ပြန်ခြင်း

အမေရိကန်နိုင်ငံတွင် လုပ်ခစားအလုပ်သမားတစ်ဦးအနေဖြင့် အမေရိကန်နိုင်ငံရှိ နေထိုင်သူအားလုံးအတွက် ပံ့ပိုးပေးသည့် ပရိုဂရမ်များ (ဥပမာ၊ ပညာရေး၊ SNAP၊ Medicaid၊ နှင့် အများပိုင်လမ်းများ) ကို ကူညီပံ့ပိုးပေးရန်အတွက် နှစ်စဉ် ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။ သင်နေထိုင်ရာနေရာရှိ ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရများကို အခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။ သင့်အခွန်ငွေများကို နှစ်စဉ်နှစ်တိုင်း တင်သွင်းရာတွင် ကူညီပေးနိုင်သည့် စေတနာ့ဝန်ထမ်း ဝင်ငွေခွန် ပံ့ပိုးကူညီမှုဆိုက်အဖြစ် ပြည်တွင်းအခွန်များ ဝန်ဆောင်မှုမှ အသိအမှတ်ပြုထားသော ဒေသတွင်းအကျိုးအမြတ်မယူသော အဖွဲ့အစည်းများကို ရှာဖွေ၍ အကူအညီရယူနိုင်ပါသည်။

## မေးလေ့ရှိသောမေးခွန်းများ

**အလုပ်အကိုင်ရှာဖွေရာတွင် အကူအညီရရှိမည်လား။**
အဖွဲ့အစည်းများသည် သင်ပြန်လည်အခြေချနေထိုင်ရာနေရာတိုင်းတွင် အလုပ်အကိုင်ဝန်ဆောင်မှုများကို ပံ့ပိုးကူညီပေးမည် ဖြစ်သော်လည်း အလုပ်အကိုင်ရှာဖွေခြင်းနှင့် ထိန်းသိမ်းခြင်းကို သင်ကိုယ်တိုင်သာ အဓိကဦးဆောင်၍လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**ကျွန်ုပ်သည် မည်ကဲ့သို့သော အလုပ်အမျိုးအစားများကို ရရှိနိုင်မည်နည်း။**
သင်၏ ပထမဆုံးအလုပ်သည် သင့်မွေးရပ်မြေတွင် လုပ်ကိုင်ခဲ့သည့် အလုပ်နှင့် တူညီသောအလုပ် သို့မဟုတ် တူညီသောနယ်ပယ်မှ အလုပ်တစ်ခု ဖြစ်နိုင်မဟုတ်ပေ။ ၎င်းသည် အခြေခံအဆင့်ရာထူးဖြင့် အလုပ်၊ ကျွမ်းကျင်ပညာရှင်မဟုတ်သော အလုပ်တစ်ခုဖြစ်နိုင်သလို ယာယီ သို့မဟုတ် အချိန်ပိုင်းအလုပ်တစ်ခုလည်း ဖြစ်နိုင်သည်။ အမေရိကန်နိုင်ငံတွင် လူနေမှုစရိတ် မြင့်မားသောကြောင့် အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံး အိမ်ပြင်ထွက်၍ အလုပ်လုပ်ရန် လိုအပ်နိုင်ပါသည်။

**ကျွန်ုပ်၏အလုပ်သို့ မည်သို့သွားရောက်နိုင်မည်နည်း။**
အများပိုင်သယ်ယူပို့ဆောင်ရေးများကို US ရှိ မြို့အများစုတွင် အသုံးပြုနိုင်ပါသည်။ သင်၏ပထမဆုံးအလုပ်သို့သွားရောက်ရန် အများပိုင်သယ်ယူပို့ဆောင်ရေးများအပေါ် အားထား၍ အသုံးပြုရန်လိုအပ်နိုင်သည်။

## Settle In ဟူသည်

Settle In ဟူသည်မှာ နိုင်ငံသစ်သို့ပြောင်းရွှေ့လာသူများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိ၍၊ တုံ့ပြန်နိုင်မှုမြင့်မားပြီး၊ ယုံကြည်ရသည့် အမေရိကန်နိုင်ငံနှင့်စပ်လျဉ်းသော သတင်းအချက်အလက် များကို မျှဝေပေးသောယုံကြည်ရသည့်ရင်းမြစ်တစ်ခုဖြစ်သည်။ ဘာသာစကားအမျိုးမျိုးဖြင့် အသုံးပြုနိုင်သည့် Settle In ၏ဒီဂျစ်တယ်ပလက်ဖောင်းက အမေရိကန်နိုင်ငံအတွင်းရှိ ဘဝနေထိုင်မှုပုံစံကို ပိုမိုလွယ်ကူစေရေးအတွက် နေရာသစ်သို့အခြေချလာသူများကို ပံ့ပိုးပေးရန် လိုအပ်သည့်ရင်းမြစ်များ၊ လမ်းညွှန်မှုနှင့် ဘာသာစကားအမျိုးမျိုးဖြင့် ပံ့ပိုးမှုများကို ဆောင်ကျဉ်းပေးလျက်ရှိသည်။

## Switchboard ဟူသည်

Switchboard သည် အမေရိကန်နိုင်ငံရှိ ဒုက္ခသည်ဝန်ဆောင်မှု ပေးသူအဖွဲ့အစည်းများအတွက် တစ်နေရာတည်းအပြီး အသုံးပြုနိုင်သည့် အရင်းအမြစ်စင်တာတစ်ခုဖြစ်ပြီး၊ ပြန်လည်နေရာချရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာ များနှင့်ဆက်စပ်သော အသုံးပြုစရာနည်းလမ်းများ၊ သင်ကြားမှုအခွင့်အလမ်းများ၊ နည်းပညာဆိုင်ရာ အကူအညီများကို ဖော်ပြပေးထားပါသည်။

Switchboard ကို ဒုက္ခသည်ပြန်လည်နေရာချထားရေးရုံး (ORR - Office of Refugee Resettlement) မှ ငွေထောက်ပံ့ပေးပြီး၊ နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ (IRC - International Rescue Committee) က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

IRC သည် အမေရိကန်နိုင်ငံ၏ ကျန်းမာရေးနှင့် လူထုဝန်ဆောင်မှုဦးစီးဌာန (U.S. Department of Health and Human Services)၏ ကလေးသူငယ်များနှင့် မိသားစုများအတွက် စီမံခန့်ခွဲရေးအစီအစဉ် (Administration for Children and Familied) မှတဆင့်ပေးအပ်သော အများနှင့်ယှဉ်ပြိုင်ရသည့် ငွေထောက်ပံ့မှုအစီအစဉ် (Grant #90RB0053) ကို ရရှိခဲ့ပါသည်။ ဤစီမံကိန်းကို ဖက်ဒရယ်အစိုးရပိုင်ရန်ပုံငွေများဖြင့် ၁၀၀ ရာခိုင်နှုန်း ထောက်ပံ့ပေးထားခြင်းဖြစ်သည်။

ဤစာတမ်းပါအကြောင်းအရာများသည် စာရေးသူတို့၏ တစ်ဦးတည်းသောတာဝန်သာဖြစ်ပြီး၊ အမေရိကန်နိုင်ငံ၏ ကျန်းမာရေးနှင့် လူထုဝန်ဆောင်မှုဦးစီးဌာန (U.S. Department of Health and Human Services)၏ ကလေးသူငယ်များနှင့် မိသားစုများအတွက် စီမံခန့်ခွဲရေးအစီအစဉ် (Administration for Children and Familied) ၏ တရားဝင်အမြင်သဘောထား များကို သေချာပေါက် ကိုယ်စားမပြုပါ။

switchboard
connecting resettlement experts

SettleIn